## မြန်မာနိုင်ငံ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်နှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်

## ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာအထူးကိုယ်စားလှယ်

## Mr. Yohei SASAKAWA

မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ဖွဲ့တို့က ၂၀၁၅ခုနှစ် အောက်တိုဘာလ ၁၅ရက်နေ့တွင် အပစ်အခက်ရပ်စဲရေးသဘောတူညီမှုရရှိခဲ့ခြင်းကို နှလုံးသားထဲမှ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါသည်။

မြန်မာနိုင်ငံတွင် ရှေ့ဆက်ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆွေးနွေးပွဲများကို ယခု အချိန်အထိ ဆက်လက်လုပ်ဆောင်ပြီး အပြန်အလှန်ယုံကြည်မှုများကို နက်ရှိုင်းစေခဲ့သည့်အတွက် မြန်မာနိုင်ငံ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ချီးကျူးလိုပါသည်။

ကျွန်တော်သည် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် အဖြစ် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးအတွက် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တိုးတက်စေရန် အစဉ်တစိုက်ကြိုးပမ်း အားထုတ်ခဲ့ပါသည်။

ယခု အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် ဂျပန်နိုင်ငံကို ကိုယ်စား ပြု၍ အသိသက်သေအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သောကြောင့် တာဝန်အလွန်ကြီးလေးသည်ဟု ခံစားမိပါသည်။

ယခုအကြိမ်တွင် လက်မှတ်ရေးထိုးရန် မဆုံးဖြတ်ရသေးသည့် အဖွဲ့အစည်းများလည်း ကျန်ရှိနေပါသေးသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ ယဉ်ကျေးမှုနှင့် သမိုင်းနောက်ခံ အခြေအနေများ ရှိသောကြောင့်ဖြစ်သည်မှာ ယုံမှား သံသယရှိစရာ မလိုပါ။ မတူကွဲပြားခြားနားသည့်အခြေအနေများကို အလေးထားပြီး မြန်မာအစိုးရနှင့် တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့များအကြား ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ဆက်လက်ကြိုးပမ်းကြလိမ့်မည်ဟု မျှော်လင့် ပါသည်။

ယခုလက်ရှိ နယ်မြေဒေသခံပြည်သူအများစုသည် ခက်ခဲကြမ်းတမ်းပြီး လုံခြုံစိတ်ချမှုမရှိသောနေ့စဉ်ဘဝကို ဖြတ်သန်းနေရပါသည်။ သူတို့အားလုံး လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ရှေ့ဆက်ဆောင်ရွက်သွားရမည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ဂျပန်နိုင်ငံသည် အသိသက်သေအဖြစ် ဆောင်ရွက်ရာတွင် အလွန်ကြီးလေးသည့်တာဝန်ရှိသည်ဟု ခံစားမိပါသည်။ နောက်ပိုင်းတွင်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်လျက် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရှေ့ဆက်လုပ်ဆောင်နိုင်ရန်အတွက် ဆက်လက်၍ အစွမ်းကုန် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။